သံဖြူဇရပ်နှင့် ရေးမြို့အကြားရှိဒေသခံပြည်သူများ ဓါတ်ငွေ့ပိုက်လိုင်းကင်း မစောင့်မနေရ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၂၃ ရက်၊ ၂၀၀၃ ခုနှစ်။

ကံပေါက် – မြိုင်ကလေး ဓါတ်ငွေ့ပိုက်လိုင်း မကြာခဏ ပေါက်ကွဲမှု၊ ဖုံးဖောက်ခွဲခံရမှု ဖြစ်ပွားနေသော မွန်ပြည်နယ်တောင်ပိုင်း သံဖြူဇရပ်မြို့နှင့် ရေးမြို့အကြားတွင် ဓါတ်ငွေ့ပိုက်လိုင်း လုံခြုံရေးအတွက် ကင်းမစောင့်နိုင်သူများကို ကျေးရွာတွင် နေထိုင်ခွင့်ပြုမည်မဟုတ်ကြောင်း နအဖအာဏာပိုင်တို့မှ အမိန့်ထုတ်ထားသည်ဟု ဒေသခံများက ပြောဆိုကြပါသည်။

မြို့နှစ်မြို့အကြားရှိ ရွာများမှ တနေ့လျှင် ရွာတစ်ရွာကို ရွာသူရွာသား ၅ ဦးစီ ကျေးရွာလူကြီးတို့က ဓါတ်ငွေ့ပိုက်လိုင်း လုံခြုံရေးအတွက် နေ့တိုင်း ၂၄ နာရီအချိန်ပြည့် ကင်းသွားစောင့်ခိုင်းနေပါသည်။

လူကြီးလူငယ်၊ အမျိုးသမီးမရွေး မိမိတို့အိမ်အလှည့်ကျရောက်သောအခါတွင် ကင်းသွားစောင့်ရန် ကျေးရွာလူကြီးတို့က အမိန့်ထုတ်ထားပြီး၊ ကင်းမစောင့်နိုင်သည့်သူများကို ဒဏ်ငွေရိုက်နေကြောင်း ဒေသခံများက ဆိုပါသည်။

''ကင်းမသွားစောင့်ပေးနိုင်တဲ့အိမ်ကို လူစား ငှားပေးရမယ်။ တကယ်လို့လူငှားမရဘူးဆိုရင် ဒဏ်ငွေ နှစ်ထောင်ကျပ်ပေးရမယ်။ ကင်းလည်းမစောင့်နိုင်ဘူး ငွေလည်းမပေးနိုင်တော့ဘူးဆိုရင် ရွာကနေ ပြောင်းရွှေ့ထွက်သွားဖို့ ရွာသူကြီးမှ အမိန့်ထုတ်ထားတယ်''ဟု ဒေသခံများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြပါသည်။

လက်လုပ်လက်စားကျေးရွာသားများက ''ကျနော်တို့ကင်းစောင့်ဖို့တောင်မပြောနဲ့ တနေ့စာဝမ်းရေးအတွက်ကို စားဖို့လောက်သာ ရတဲ့ဝင်ငွေနည်းနည်းနဲ့ ခက်ခက်ခဲခဲရှာစားနေရတယ်။ ကျနော်တို့လို ဆင်းရဲသား တနေ့လုပ် တနေ့စားလူအတွက် ဘယ်လိုလုပ်ရမှာလဲ မသိဘူး၊ ကင်းသွားစောင့်ရင် အိမ်မှာ ထမင်းငတ်ပြီးပဲ၊ ငွေနှစ်ထောင်ပေးပြီး လူငှားဖို့မတတ်နိုင်ဘူး၊ တနေ့လုပ်ရတဲ့ဝင်ငွေက နှစ်ထောင်မပြည့်ဘူး၊ တစ်ထောင်လောက်ပဲရှိတယ်။ အမျိုးသမီးနဲ့ ခလေးတွေကိုလွှတ်ဖို့လည်း မဖြစ်ဘူး စိုးရိမ်ရတယ်။ ကျနော်တို့ ဘယ်လိုလုပ်ရမှာလည်း မသိတော့ဘူးဖြစ်နေတယ်'' ဟု သူတို့၏ အခက်အခဲကို ရှင်းပြထားပါသည်။

လွန်ခဲ့သည့်ဖေဖော်ဝါရီလက ခင်ပွန်းသည် ငါးသွားရှာပြီး ပြန်မရောက်လာသောကြောင့် ဓါတ်ငွေ့ပိုက်လိုင်း ကင်းစောင့်ရသည့် အသက် ၁၇ နှစ်ရှိ ရေးမြို့နယ် ကျောက်တန်းကျေးရွာသူ မပိုးအား ခလရ ၅၈၇ မှ တပ်ကြပ်ကြီးတဦး၏ မုဒိမ်းကျင့်မှုကို ခံခဲ့ရသည်။

သံဖြူဇရပ်မြို့နှင့် ရေးမြို့နယ်အကြားရှိ ဒေသခံပြည်သူများသည် ဒေသရှိ လယ်ယာခြံမြေများကို အခြေခံ၍ ဝမ်းရေးအတွက် လုပ်ကိုင်သူများဖြစ်ပြီး စစ်အစိုးရမှ ဓါတ်ငွေ့ပိုက်လိုင်းသွယ်တန်းအချိန်တွင် မိမိတို့၏ လယ်ယာခြံမြေအချို့ကို လျော်ကြေးမရပဲ သိမ်းဆည်းခြင်း ခံခဲ့ရပါသည်။

ဒေသအတွင်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ သွားလာလှုပ်ရှားနေသောကြောင့် ဓါတ်ငွေ့ပိုက်လိုင်းလုံခြုံရေးအတွက် ကင်းစောင့်နေရသည့်သာမက မိမိခြံအတွင်း ဖြတ်သန်းသွားသော ဓါတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲခံရလျှင် အရေးယူခံရမည်ဟုလည်း နအဖအာဏာပိုင်များက အမိန့်ထုတ်ထားပါသည်။

ထိုအပြင် မိမိလယ်ယာခြံတွင် ဓါတ်ငွေ့ပိုက်လိုင်းမြှုပ်ထားသောမြေများ ပျက်စီးသွားလျှင်လည်း ငွေကြေးများစွာ ကုန်ကျခံကာ ဖို့ပေးနေရကြောင်း သိရှိရပါသည်။

အလားတူ အခြားမြို့နယ်များတွင်လည်း ဒေသခံပြည်သူများ ဓါတ်ငွေ့ပိုက်လိုင်းလုံခြုံရေးအတွက် ကင်းစောင့်ပေးနေရကြောင်း သိရှိရပါသည်။